
# ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း အမျိုးသမီးများဆိုင်ရာ အချက်အလက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့ အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန်ကြိုးပမ်းသည့်အချိန်မှစတင်ပြီး မြန်မာ့လူထုများသည် အကြမ်းမဖက်သည့်နည်းနှင့်သော်လည်းကောင်း လက်နက်ကိုင် တော်လှန်ရေးဖြင့်သော်လည်းကောင်း အာဏာရှင်စနစ်အား နည်းလမ်းပေါင်းစုံဖြင့် ဆန့်ကျင်တော်လှန်နေကြသည်မှာ (၃)နှစ်ကျော်လာခဲ့ပြီဖြစ်သည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စုသည် လူ့အခွင့်အရေးချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေခြင်းကြောင့် အမျိုးသမီးများသည်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ တခြားသောလူ့အခွင့်အရေး ချိုးဖောက်မှုများ အပါအဝင် နေ့စဉ်နှင့်အမျှအသက်ဆုံးရှုံးနေရသည်။ ယခုဖော်ပြပါအချက်အလက်များသည် မြန်မာ့အမျိုးသမီးသမဂ္ဂမှ တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်းအချက်အလက်များကို စောင့်ကြည့် မှတ်တမ်းတင်မှုများအပြင် မြေပြင်မှအချက်အလက်ကောက်ယူထားမှုများကို ပြန်လည်စုစည်းတင်ပြထားခြင်းဖြစ်သည်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိနေဆဲဖြစ်သောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

| | သေဆုံးသူ | ထိခိုက်ဒဏ်ရာရရှိသူ |
|---|---|---|
| လေကြောင်းတိုက်ခိုက်ခံရမှု | ၄၄ | ၃၄ |
| လက်နက်ကြီး ပစ်ခတ်မှု | ၈ | ၁၁ |
| သတ်ဖြတ်ခံရမှု | ၆ | - |
| ဒရုန်းတိုက်ခိုက်မှု | ၂ | ၅ |
| မီးရှို့သတ်ဖြတ်ခံရမှု | ၂ | - |
| မြေမြှုပ်မိုင်း | | ၅ |
| ဆေးကုသခွင့် မရရှိမှု | ၁ | - |
| ဗုံးပေါက်ကွဲမှု | - | ၁ |
| ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ | - | ၆ |
| စုစုပေါင်း | ၆၃ | ၆၂ |

သတင်းမီဒီယာများမှ မြန်မာ့အမျိုးသမီးသမဂ္ဂမှ အချက်အလက် စောင့်ကြည့်လေ့လာ မှတ်တမ်းတင်ထားမှုများအရ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှ (၃၀)ရက်နေ့အတွင်း နိုင်ငံတစ်ဝှမ်းအမျိုးသမီး (၆၃)ဦး အသက်ဆုံးရှုံးခဲ့သည်။ ထိုကဲ့သို့ အသက်ဆုံးရှုံးခဲ့ရသည့်အကြောင်းရင်းများမှာ အကြမ်းဖက်စစ်အုပ်စု၏ အရပ်သားပြည်သူများ နေထိုင်ရာ အိမ်နှင့်ရပ်ရွာတွင် လက်နက်ကြီး ပစ်ခတ်မှုကြောင့် (၈)ဦး၊ အကြမ်းဖက်စစ်အုပ်စု၏ အကြောင်းမဲ့သတ်ဖြတ်မှု**ကြောင့်** (၆)ဦး၊ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် (၄၄)ဦး၊ မီးရှို့သတ်ဖြတ်ခံရမှုကြောင့် (၂)ဦး၊ ဒရုန်းတိုက်ခိုက်မှုကြောင့် (၂)ဦးနှင့် တိုက်ပွဲအတွင်း ပိတ်မိပြီး အကြမ်းဖက်စစ်အုပ်စုမှ ဆေးကုသခွင့်မပေးသောကြောင့် (၁)ဦးတို့ဖြစ်ကြသည်။ ထို့အပြင် အမျိုးသမီးပေါင်း (၆၂)ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် (၉)ဦး၊ လေကြောင်းမှဗုံးကြဲမှုကြောင့် (၃၄)ဦး၊ ဒရုန်းတိုက်ခိုက်မှုကြောင့် (၅)ဦး၊ ပစ်ခတ်ခံရမှုကြောင့် (၂)ဦး၊ မြေမြှုပ်မိုင်းကြောင့် (၅) ဦး၊ ဗုံးပေါက်ကွဲမှုကြောင့် (၁) ဦး နှင့် မြန်မာ့အမျိုးသမီးသမဂ္ဂမှ မြေပြင်အချက်အလက်ကောက်ယူမှုအရ အမျိုးသမီး (၆)ဦးတို့သည်လည်း မုဒိမ်းကျင့်ခံခဲ့ရသည်။




ဒေသအလိုက် အမျိုးသမီးသေဆုံးမှုပြ မြေပုံ

မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်ကောက်ယူ မှတ်တမ်းတင်မှုများအရ အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးဦးရေသည် ရှမ်းပြည်နယ်မှ (၂၁)ဦး၊ မန္တလေးတိုင်းမှ (၁၅)ဦးနှင့် စစ်ကိုင်းတိုင်းမှ (၈)ဦးတို့အသီးသီး ဖြစ်ကြပြီး ရှမ်းပြည်နယ်သည် စက်တင်ဘာလအတွင်း အမျိုးသမီးအသက်ဆုံးရှုံးမှု အများဆုံး တိုင်းဒေသကြီးဖြစ်သည်။

# ၂၀၂၄ ခုနှစ် စက်တင်ဘာလ အတွင်း အမျိုးသမီးဖမ်းဆီးခံရမှု အခြေအနေ




မိမိတို့၏ အချက်အလက်ကောက်ယူချက်အရ နိုင်ငံတစ်ဝှမ်းမှ အမျိုးသမီး (၅)ဦးတို့သည် စက်တင်ဘာလအတွင်း အကြမ်းဖက်စစ်အုပ်စု၏ အကြောင်းမဲ့ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ မြေပြင်၌ အမျိုးသမီး ဖမ်းဆီးခံရခြင်း အရေအတွက်သည်ယခုထက်များနိုင်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ)၏အချက်အလက်အရအကြမ်းဖက်စစ်အုပ်စုမှ အာဏာသိမ်းရန် ကြိုးပမ်းသည့်ကာလမှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့အတွင်း အမျိုးသမီး(၅,၆၉၀)ဦး ဖမ်းဆီးခံရပြီး (၄,၀၇၂) ဦးအား ဆက်လက်ထိန်းသိမ်းထားကြောင်းဖော်ပြထားသည်။ [1]

[1] [1] Assistance Association for Political Prisoners, 30th  September 2024. https://airtable.com/appHDJLeiPsMGFJ7s/shrXiq3K1879QmNNB/tblC5yh72Ox2FBSJ5

မှတ်ချက်။ လက်တွေ့မြေပြင် အခြေအနေတွင် သတင်းအချက်အလက် စီးဆင်းမှု များ၌ စိန်ခေါ်မှုများရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲ များ ရှိသဖြင့် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။

## မြန်မာအမျိုးသမီးသမဂ္ဂ

https://www.facebook.com/burmesewomensunion
https://burmesewomensunion.org